

# ကျွန်တော့်မေမေ ဘယ်မှာလဲ



ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။

စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။



တစ်ခါတုန်းက သစ်ပင်ကြီးတစ်ပင်ပေါ်မှာ ငှက်မတစ်ကောင်ဟာ ငှက်သိုက်
လုပ်ပြီး ဥတစ်လုံးကို ဝပ်နေတယ်တဲ့။




တစ်နေ့မှာ ဥထဲက “ကျစ်၊ ကျစ်”ဆိုတဲ့ အသံထွက်လာတယ်။ ငှက်မက “ဟာ. . . ငါ့ဥထဲက သားလေးပေါက်လာတော့မယ်။ ငါ့သားအတွက် အစာသွားရှာဦးမယ်”ဆိုပြီး ထွက်သွားတယ်။




မကြာခင်မှာပဲ ဥထဲက ငှက်ကလေးတစ်ကောင် ပေါက်လာတယ်။ ငှက်ကလေးက "အမေရေ၊ အမေ. . . အမေ ဘယ်မှာလဲ။ မေမေ့ကို လိုက်ရှာဦးမယ်"ဆိုပြီး ထလိုက်တယ်။




အဲဒီလိုလည်း ထလိုက်ရော ငှက်ကလေးက ‘ဘုတ်’ဆို သစ်ပင်ပေါ်က
ကျသွားလေရောတဲ့။ ငှက်ကလေးက “အမယ်လေး”လို့ အော်ပြီး
ထလျှောက်သွားတယ်။




နည်းနည်းဆက်လျှောက်သွားတော့ ငှက်ကလေးဟာ သမင်မနဲ့ တွေ့တယ်။
“ခင်ဗျား ကျွန်တော့် မေမေလား”လို့ ငှက်ကလေးက မေးတယ်။ သမင်မက
“ငါ မင်းအမေ မဟုတ်ဘူး”လို့ ပြန်ပြောလိုက်တယ်။




နည်းနည်းဆက်လျှောက်သွားတော့ ငှက်ကလေးဟာ ယုန်မနဲ့ တွေ့တယ်။
“ခင်ဗျား ကျွန်တော့်မေမေလား”လို့ မေးလိုက်တယ်။ ယုန်မက “ငါ မင်းအမေ
မဟုတ်ဘူး”လို့ ပြောလိုက်တယ်။




နည်းနည်းဆက်လျှောက်သွားတော့ ငှက်ကလေးဟာ ရှဉ့်မနဲ့တွေ့တယ်။ “ခင်ဗျား ကျွန်တော့်မေမေလား”လို့ ငှက်ကလေးက မေးတယ်။ ရှဉ့်မက “ငါ မင်းအမေ မဟုတ်ဘူး”လို့ ပြန်ပြောလိုက်တယ်။




ငှက်ကလေးက “ငါမေးလိုက်တိုင်း ငါ့အမေ မဟုတ်ဘူးလို့ ပြောကြတယ်။
ငါ့မှာ အမေမရှိဘူး ထင်တယ်။ အီး ဟီး ဟီး ရွှတ် ရွှတ် . . . မေမေ
ဘယ်မှာလဲ။ မေမေရေ မေမေရေ”လို့ အော်ငိုနေသတဲ့။ အဲဒီအချိန်မှာပဲ. . .



ဆင်မတစ်ကောင် ငှက်ကလေးနား ရောက်လာတယ်။ “ဟေ့ . . . ငှက်ကလေး၊ ဘာလို့ငိုနေတာလဲ”လို့ မေးတော့ ငှက်ကလေးက “ကျွန်တော့်မေမေကို လိုက်ရှာနေတာပါ။ ခင်ဗျား ကျွန်တော့်မေမေလား”လို့ မေးတော့ ဆင်မက “ငါ မင်းအမေ မဟုတ်ဘူး၊ မင်းဘယ်မှာနေသလဲ”လို့ မေးတော့ ငှက်ကလေးက “ကျွန်တော် ဟိုသစ်ပင်ပေါ်မှာ နေပါတယ်”လို့ ပြောတယ်။ ဆင်မက “မငိုနဲ့တော့ငှက်ကလေးရေ၊ ငါ မင်းအိမ်ကို လိုက်ပို့ပေးမယ်”လို့ ပြောပြီး



သူနာမောင်းနဲ့ ငှက်ကလေးကို ငှက်သိုက်ထဲ ထည့်ပေးလိုက်တယ်။ “ကဲ. . . ငှက်ကလေးရေ၊ မင်းအိမ်ရောက်ပြီ၊ မငိုနဲ့တော့နော်၊ မင်းအမေ ပြန်လာလိမ့်မယ်၊ စောင့်နေတော့”လို့ ပြောပြီး ထွက်သွားတော့တယ်။



မကြာခင် ငှက်မတစ်ကောင် ပိုးကောင်ချီပြီး ရောက်လာပါတယ်။ “ခင်ဗျား ကျွန်တော့်မေမေလား”လို့ မေးတော့ ငှက်မက “ဟုတ်တာပေါ့ သားရယ်. . . သားစားဖို့ အစာသွားရှာတာလေ”လို့ ပြန်ပြောတဲ့အခါ ငှက်ကလေးက ဝမ်းသာစွာ “အို မေမေရယ်. . . မေမေရယ်. . . မေမေရယ်”လို့ ခေါ်ရှာတော့တယ်။